JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၈ | မြန်မာ

# ဂျာမန်အစိုးရမှ ND SatCom အား ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုကို JFM ကြိုဆို

ND SatCom GmbH ကုမ္ပဏီသည် မြန်မာစစ်အုပ်စုထံ ဆက်သွယ်ရေးပစ္စည်းများကို တင်သွင်းရောင်းချပေးခဲ့သည်။ ထိုသို့ရောင်းချမှုကို တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းအထိ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဂျာမနီနိုင်ငံ၊ ရေဂ့်ဘင်စဘာ့ဒ်မြို့ရှိ အစိုးရရှေ့နေရုံးမှ ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်နေပြီ ဖြစ်သည်။

အဆိုပါစုံစမ်းစစ်ဆေးမှုသည် Justice For Myanmar မှ ပေးအပ်ခဲ့သည့် သုတေသနနှင့် အထောက်အထားများကို အခြေခံ၍ German Solidarity with Myanmar Democracy e. V. အဖွဲ့နှင့် တရားလွှတ်တော်ရှေ့နေ Holger Rothbauer တို့၏ တိုင်ကြားချက်ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အဆိုပါ စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ခြင်းသတင်းကို ZDG frontal မဂ္ဂဇင်းနှင့် Spiegel တို့က အဦးဆုံးဖော်ပြခဲ့ခြင်း ဖြစ်သည်။

ND SatCom သည် အင်မန်းစတာ့ဒ်မြို့တွင် အခြေစိုက်သည့် ဂျာမန်ဂြိုဟ်တုဆက်သွယ်ရေး ကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး ၎င်း၏ဝဘ်ဆိုဒ်အရ "စစ်ဘက်ဂြိုလ်တုဆက်သွယ်ရေးစနစ်များအတွက် ဒီဇိုင်းရေးဆွဲခြင်း၊ အဆင်သင့် အသုံးပြုနိုင်ရန် လုပ်ဆောင်ပေးခြင်း (Turnkey delivery) နှင့် ထောက်ပံ့ပို့ဆောင်ရေး အကူအညီများအတွက် မရှိမဖြစ် လိုအပ်သည့် အဓိကကျွမ်းကျင်မှုအားလုံးကို ပေးအပ်ပါသည်" ဟု ဖော်ပြထားသည်။ ကုမ္ပဏီကို ဂျာမန် စီးပွားရေးလုပ်ငန်းရှင် Steffen Görig က ၂၀၁၄ ခုနှစ်တွင် Airbus ထံမှ ဝယ်ယူပိုင်ဆိုင်ထားသည်။ ND SatCom သည် တရုတ်နှင့် ဒူဘိုင်းတို့တွင် ကုမ္ပဏီခွဲများ ရှိသည်။

အနည်းဆုံး ၂၀၁၆ ခုနှစ်မှစ၍ ND SatCom သည် မြန်မာစစ်အုပ်စု၏ မိတ္ထီလာဌာနချုပ်စခန်း၊ အချက်ပြထုတ်လွှင့်ရေးဌာန၊ လက်ကိုင်ရေဒီယိုဖုန်းစနစ်များအတွက် အသုံးပြုသည့် 5G ဂြိုလ်တုဆက်သွယ်ရေး ဟာ့ဒ်ဝဲနှင့် ဆော့ဝဲလ်များအပါအဝင် မြန်မာစစ်အုပ်စု၏ ဂြိုလ်တုဆက်သွယ်ရေးစနစ်အတွက် အရေးပါသည့် ပံ့ပိုးကူညီမှုများကို ပေးအပ်ခဲ့ သည်။

မြန်မာစစ်အုပ်စု၏ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခဲ့သော ၂၀၁၇ ခုနှစ်က ND SatCom ဝဘ်ဆိုဒ်တွင် "ND SatCom သည် ၂၀၁၇ ခုနှစ်အတွင်း အဘယ့်ကြောင့် ဤမျှ အောင်မြင်ခဲ့သနည်း" ခေါင်းစဉ်အောက်တွင် မြန်မာ့၏ ကာကွယ်ရေးကဏ္ဍအတွက် SKYWAN Communications on the Move (COTM) စနစ်တစ်ခု ပေးအပ်ခဲ့သည်ကို ထည့်သွင်းဖော်ပြထားသည်။ အဆိုပါစာမျက်နှာကိုမူ ဖြုတ်ချထားခဲ့ပြီးဖြစ်ပါသည်။

ND SatCom စက်ပစ္စည်းများကို စစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း အနီးကပ်ဆုံး အနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ဗီယက်နမ်နိုင်ငံမှတဆင့် မြန်မာစစ်အုပ်စုထံ ပေးပို့ခဲ့ပြီး၊ ထိုအချိန်တွင် ဂြိုလ်တုမိုဒမ်များ (modems) ကိုလည်း စစ်အုပ်စု၏ ပစ္စည်းဝယ်ယူရေး ညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ခဲ့သည်။

ခရိုနီကုမ္ပဏီဖြစ်သည့် A1 Group of Companies ၏ လုပ်ငန်းခွဲဖြစ်သော မြန်မာပုဂ္ဂလိကကုမ္ပဏီ Terabit Wave Company Limited သည် ဗီယက်နမ်ကုမ္ပဏီ OSB Investment and Technology JSC ("OSB") နှင့် ပူးပေါင်း၍ အဆိုပါပစ္စည်းများကို ကြားခံပွဲစားအဖြစ် ဝယ်ယူပေးခဲ့ကြောင်း လျှို့ဝှက်ပေါက်ကြားလာသော သတင်းရင်းမြစ်များနှင့် အများသူငှာသိရှိနိုင်သည့် ရင်းမြစ်များ၏ အထောက်အထားများက ဖော်ပြနေသည်။ OSB တွင် ကိုယ်ပိုင်သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များရှိပြီး၊ ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍတွင် ဦးဆောင်သူ ဖြစ်ကြောင်း ၎င်းတို့ကိုယ်တိုင် ညွှန်းဆိုထားသည်။

Terabit Wave နှင့် OSB တို့သည် မြန်မာနိုင်ငံတွင် ဖက်စပ်လုပ်ငန်းတစ်ခုအဖြစ် Com & Com Company Limited ကို လုပ်ကိုင်ပြီး၊ ယင်းကုမ္ပဏီသည် မြန်မာစစ်အုပ်စု၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၏ ND SatCom စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအပါအဝင် စစ်ဘက်နှင့် အရပ်ဘက် ဂြိုလ်တုဝန်ဆောင်မှုများကို ပေးအပ်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ND SatCom သည် မြန်မာနိုင်ငံတွင် ၎င်း၏ဂြိုလ်တုဆက်သွယ်ရေးပစ္စည်းများ ရောင်းချရေး ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ရန်နှင့် စာချုပ်များ ချုပ်ဆိုရန်အတွက် Terabit Wave ကုမ္ပဏီကို အရောင်းကိုယ်စားလှယ် အဖြစ် ခန့်အပ်ခဲ့သည်။ အဆိုပါခန့်အပ်မှုသည် Terabit Wave နှင့် မြန်မာစစ်အုပ်စု၏ ပစ္စည်းဝယ်ယူရေးညွှန်ကြားမှုဦးစီးဌာနတို့အကြား ၂၀၁၉ ခုနှစ်က ချုပ်ဆိုခဲ့သည့် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး၊ ယင်းစာချုပ်တွင် Justice For Myanmar က ဖော်ထုတ်ရေးသားခဲ့ပြီးသော Com & Com ကုမ္ပဏီလည်း ပါဝင်သည်။

ND Satcom စက်ပစ္စည်းများကို စင်ကာပူကုမ္ပဏီများဖြစ်သည့် Bright Sky Pte နှင့် Interspace Engineering Service Pte. Ltd. တို့မှတစ်ဆင့် မြန်မာစစ်အုပ်စုအတွက် တင်သွင်းရောင်းချပေးခဲ့သည်။ A1 ကုမ္ပဏီအုပ်စု၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Bright Sky ကုမ္ပဏီကို မြန်မာစစ်အုပ်စု၏ လက်နက်ပွဲစားအဖြစ် Justice For Myanmar က ဖော်ပြခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီကို ဖျက်သိမ်းခဲ့သည်။ Interspace Engineering Service ကို OSB ၏ ပူးတွဲတည်ထောင်သူ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ Com & Com ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ Nguyen Hong Son က ပိုင်ဆိုင်သည်။

မြန်မာစစ်အုပ်စုကို ပံ့ပိုးကူညီပြီး၊ စစ်အုပ်စုက ကျူးလွန်နေသည့် နိုင်ငံတကာရာဇဝတ်မှုများတွင် ကြံရာပါ ပတ်သက်မှုအတွက် A1 ကုမ္ပဏီအုပ်စု၊ OSB Investment and Technology JSC ကုမ္ပဏီနှင့် ၎င်းတို့၏ ဒါရိုက်တာများနှင့် ပိုင်ရှင်များအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် Justice For Myanmar က တောင်းဆိုပါသည်။

မြန်မာနိုင်ငံသို့ လက်နက်များ စီးဆင်းမှုကို တားဆီးရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တောင်းဆိုသည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့် စင်ကာပူတို့သည် စစ်အုပ်စုကို လက်နက်၊ စက်ကိရိယာ၊ နည်းပညာနှင့် ရန်ပုံငွေများ လွှဲပြောင်းပေးနေမှု အားလုံးကို ချက်ချင်းရပ်တန့်သင့်သည်။

စင်ကာပူအနေဖြင့် Bright Sky Group နှင့် Interspace Engineering Service ကုမ္ပဏီတို့အား ၎င်းတို့၏ ပိုင်နက်နယ်မြေ အတွင်းမှတဆင့် မြန်မာနိုင်ငံသို့ အရပ်ဘက်-စစ်ဘက်နှစ်မျိုးသုံးပစ္စည်းများ တင်သွင်းရောင်းချခဲ့ခြင်းအတွက် စုံစမ်းစစ်ဆေးသင့်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ရေစ့်ဘင်စဘာ့ဒ်မြို့ရဲ့ အစိုးရရှေ့နေရုံးက ND SatCom အပေါ် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်တာကို ကြိုဆိုပါတယ်။

ND SatCom အပေါ် အရေးယူဆောင်ရွက်မှုတွေ အလျင်အမြန် ဆောင်ရွက်ဖို့နဲ့ ဂျာမန်စက်ပစ္စည်းတွေနဲ့ နည်းပညာတွေကို မြန်မာစစ်အုပ်စု ရရှိနေတာကို ဖြတ်တောက်ဖို့ ဂျာမန်အာဏာပိုင်တွေကို တိုက်တွန်းတောင်းဆိုပါတယ်။

မြန်မာစစ်အုပ်စုဟာ ND SatCom ဆက်သွယ်ရေးနည်းပညာအကူအညီနဲ့ အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိ ကျူးလွန်နေတဲ့ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ရှိပါတယ်။

ဂြိုလ်တုဆက်သွယ်ရေးက စစ်ရေးကွပ်ကဲမှုနဲ့ ထိန်းချုပ်မှုအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ND SatCom ရဲ့ ဂြိုလ်တုဆက်သွယ်ရေးစွမ်းဆောင်ရည်တွေ တိုးတက်လာတာက စစ်အုပ်စုရဲ့ အရပ်သား ပြည်သူတွေအပေါ် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှု၊ ညဉ်းပန်းနှိပ်စက်မှု၊ မုဒိန်းကျင့်မှု၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှု၊ စာနပ်ရိက္ခာ ဖျက်ဆီးမှုနဲ့ လူပေါင်းများစွာကို အဓမ္မအင်အားသုံး ရွှေ့ပြောင်းစေမှုတွေကို ပံ့ပိုးကူညီပေးနေပါတယ်။

တရားစွဲဆိုမှုက မြန်မာစစ်အုပ်စုထံ လက်နက်နဲ့ စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ လွှဲပြောင်း ရောင်းချမှုအတွက် တာဝန်ခံမှုရှိစေဖို့နဲ့ ဂျာမနီနဲ့ ဥရောပသမဂ္ဂမှ နောက်ထပ် စစ်လက်နက်လွှဲပြောင်း မှုတွေကို ကာကွယ်တားဆီးဖို့အတွက် အရေးပါတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။ သို့ပေမယ့် မြန်မာ စစ်အုပ်စုထံ စစ်လက်နက်နဲ့ စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ တရားမဝင်ရောင်းချရာမှာ ပါဝင် ခဲ့တဲ့ ကုမ္ပဏီအားလုံးကိုပါ တရားစွဲဆိုမှုတွေကို တိုးချဲ့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

ဂျာမနီနဲ့ အီးယူတို့မှာ လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်တဲ့ မြန်မာစစ်အုပ်စုထံ လက်နက်နဲ့ စစ်ဘက် - အရပ်ဘက် နှစ်မျိုးသုံးပစ္စည်းတွေ လွှဲပြောင်းရောင်းချတာကို တားဆီးဖို့ ဥပဒေတွေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ သို့သော်လည်း အစိုးရတွေက အဲဒီဥပဒေတွေကို အသက်သွင်းဖို့ အကြိမ်ကြိမ် ပျက်ကွက်ခဲ့ ကြတဲ့အတွက် မြန်မာစစ်အုပ်စုက လက်ရှိကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ဆက်လက်ကျူးလွန်ဖို့ ပံ့ပိုးကူညီပေးနေတဲ့ စက်ပစ္စည်းကိရိယာတွေ၊ နည်းပညာတွေကို ရရှိစေခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီအနေနဲ့ ဥပဒေချိုးဖောက်မှုတွေကို သည်းခံမှာမဟုတ်ကြောင်း ပြသရမှာ ဖြစ်ပါတယ်။ အခြား ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့လည်း စစ်လက်နက်၊ စက်ပစ္စည်းကိရိယာနဲ့ နည်းပညာတွေ တရားမဝင် လွှဲပြောင်းရောင်းချခဲ့ကြတဲ့ သက်ဆိုင်ရာကုမ္ပဏီတွေကို စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်ပြီး၊ ဥပဒေအရ တာဝန်ခံစေဖို့ တောင်းဆိုပါတယ်။” ဟု ပြောကြားခဲ့သည်။

**ပိုမိုသိရှိရန်**

မြန်မာစစ်အုပ်စုနှင့် ND SatCom တို့၏ စီးပွားရေးလုပ်ငန်းအကြောင်း ဖွင့်ချခဲ့သည့် ZDF Frontal သတင်းကို ယခုနေရာနှင့် Spiegel သတင်းကို ယခုနေရာတွင် ကြည့်ရှုပါ။

မြန်မာနှင့် စင်ကာပူစစ်လက်နက်ပွဲစားများအကြောင်း ကျွန်ုပ်တို့၏ သတင်းဆောင်းပါးကို ယခုနေရာတွင် ဖတ်ရှုပါ။

မြန်မာနိုင်ငံရှိ ၎င်းတို့စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားသည့် ND SatCom ဝဘ်ဆိုဒ်မှ ပရင့်ထုတ်ယူထားမှုကို ယခုနေရာတွင် ကြည့်ရှုပါ။

လျှို့ဝှက်ပေါက်ကြားလာသည့် ND SatCom က Terabit Wave အား အရောင်းကိုယ်စားလှယ် လွှဲအပ်စာကို ယခုနေရာတွင် ကြည့်ရှုပါ။

ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ND SatCom စက်ပစ္စည်းများ နောက်ဆုံးအကြိမ် ပေးပို့မှုမှတ်တမ်းကို ယခုနေရာတွင် ကြည့်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

**Justice For Myanmar** | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/